# အသီးသီးခြင်းအတွက် ခရစ်တော်၌ အပြန်အလှန်တည်သော အသက်တာကို အသက်ရှင်ခြင်း

Message One

## ကျမ်းစာ၌ မြင်ရသည့်အတိုင်း အသီးများကို ဘုရားသခင် အလိုရှိတော်မူခြင်း

ဖတ်ရန်ကျမ်း။ ။ က၊၁း၁၁၊ ၂၈၊ ၄၉း၂၂။ ၂ဘုရင်၊၁၉း၃၀။ သီ၊၄း၁၂-၁၅။ ဂလ၊၅း၂၂-၂၃။ ယော၊၁၅း၁၆။ ဗျာ၊၂၂း၂

**I. ကမ္ဘာဦး ၁း၁၁ တွင် ဘုရားသခင်က “မြေကြီးသည် . . . အသီးကို ဖြစ်စေသော အသီးပင်များကိုလည်းကောင်း ပေါက်စေ” ဟု မိန့်တော်မူခဲ့ပြီး၊ ကမ္ဘာဦး ၂း၉ က “ထိုဥယျာဉ်အလယ်၌ အသက်ပင်လည်း ရှိ၏” ဟု ပြောဆိုထားသည်။**

A. အသီးကို ဖြစ်စေသော အသီးပင်များမှာ ခရစ်တော်၏ ပုံဆောင်ချက်များ ဖြစ်သည် - ၁း၁၁၊ ၂း၉။ ထွ၊၁၅း၂၃-၂၅။ သီ၊ ၂း၃၊ ၅း၁၅။ ဟေရှာ၊၁၁း၁။ ယော၊၁၅း၁။ ဗျာ။၂၂း၁။

B. အသက်ပင်သည် ကျွန်ုပ်တို့၏ဝေစု ဖြစ်စေခြင်းငှာ အသက်တည်းဟူသော ခရစ်တော်၌ ရှိတော်မူသော ဘုရားသခင်ကို ပုံဆောင် သည် - က၊၂း၉။ ယော၊၁း၁၊ ၄၊ ၁၄း၆။ ကော၊၃း၄၊ ၁း၁၂။

**II. ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် မိမိ၏လူတို့အား များစွာသီးပွင့်၍ ပွားများကြရန် အမိန့်ပေးတော်မူခဲ့သည် - က၊၁း၂၈။ ၉း၁၊ ၇၊ ၂၈း၃။ ၃၅း၁၁။ ၄၇း၂၇။ ထွ၊၁း၇။ ဝတ်၊၂၆း၉။ ယေ၊၂၃း၃။ ယေဇ၊၃၆း၁၁။**

A. “ထို့နောက် ဘုရားသခင်သည် သူတို့ကို ကောင်းချီးပေးတော်မူ၏။ ဘုရားသခင်ကလည်း အချင်းတို့၊ များစွာသီးပွင့်၍ ပွားများကြ လော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့” - က၊၁း၂၈က။

B. “ငါသည် အရာအားလုံး ပြည့်စုံလုံလောက်သော ဘုရားသခင် ဖြစ်၏။ များစွာသီးပွင့်၍ ပွားများကြလော့” - က၊ ၃၅း၁၁က။

C. “သင်တို့ကို ငါ ကြည့်ရှုစောင့်မသဖြင့် များစွာသီးပွင့်၍ ပွားများစေသဖြင့်” - ဝတ်၊၂၆း၉က။

**III. ကမ္ဘာဦး ၄၉း၂၂ က “ယောသပ်သည် များစွာသီးပွင့်သောကိုင်းမ၊ စမ်းရေတွင်းနားမှာ များစွာသီးပွင့်သောကိုင်းမ ဖြစ်၏။ သူ၏အခက် အလက်တို့သည် အုတ်ရိုးပေါ်မှာ ကျော်သွားကြ၏” ဟု ပြောဆိုထားသည် -**

A. များစွာသီးပွင့်သောကိုင်းမ တည်းဟူသော ယောသပ်သည် ကိုယ်တော်၏အခက်အလက်များ (ယော၊၁၅း၁၊ ၅) ဖြစ်သော ယုံကြည် သူများမှတဆင့် ဘုရားသခင်၏ကိုင်းဖြာထွက်ခြင်းအဖို့ အကိုင်းတည်းဟူသော ခရစ်တော် (ဟေရှာ၊၁၁း၁) ကို ပုံဆောင်သည်။

B. ဘုရားသခင်၏ကိုယ်ထင်ရှားခြင်း တည်းဟူသော ခရစ်တော်သည် ထုတ်လုပ်ပေးသောအပင် ဖြစ်တော်မူသည်။ ခရစ် တော်သည် အမှန်ပင် သီးပွင့်ဝေဆာလှသည် - ယော၊၁၅း၄-၅။ သူကြီး၊၉း၈-၁၃ နှင့် အောက်ခြေမှတ်စုများ။ ဗျာ၊၂၂း၂။

**IV. ကိုယ်တော်၏ကျေနပ်အားရခြင်းအတွက် ဘုရားသခင်ထံ ပူဇော်သော အဦးသီးများမှာ ခရစ်တော်နှင့် အသင်းတော်ကို ပုံဆောင်သည် - ထွ၊၃၄း၂၆။ ဝတ်၊၂း၁၂၊ ၁၄၊ ၂၃း၁၀၊ ၁၇၊ ၂၀။ စာရင်း၊၁၈း၁၂-၁၃။**

A. ထွက်မြောက်ရာ ၂၃း၁၉ က “သင်၏မြေ၌ အဦးသီးသော အသီးအနှံ အကောင်းဆုံးကို သင်၏ဘုရားသခင် ယေဟောဝါ၏ အိမ် တော်ထဲသို့ ဆောင်သွင်းရမည်” ဟု ပြောဆိုထားသည်။

B. ဝတ်ပြုရာ ၂၃း၁၇ က “ယေဟောဝါအဖို့ အဦးသီးသော အသီး၊ တဆေးဖြင့် ဖုတ်ထားသော မုန့်ညက် တစ်ဖော၏ ဆယ်စုနှစ်စုနှင့် လုပ်သော ချီလွှဲရာပူဇော်သက္ကာ မုန့်နှစ်လုံးကို သင်တို့ နေထိုင်ရာနေရာမှ ထုတ်ဆောင်ခဲ့၍” ဟု ပြောဆိုထားသည်။

**V. ဓမ္မဟောင်းကျမ်းက ဘုရားသခင်၏လူတို့သည် အမြစ်စွဲ၍ အသီးသီးကြမည့်အကြောင်း ပြောဆိုထားသည် - ၂ဘုရင်၊ ၁၉း၃၀။ ဆာ၊၁း၃။ ဟေရှာ၊၃၇း၃၁။ ယေ၊၁၇း၇-၈။ ဟော၊၁၄း၅-၇။**

A. ဘုရင်များဒုတိယစာစောင် ၁၉း၃၀ နှင့် ဟေရှာယ ၃၇း၃၁ တို့က အစွရေးသည် အောက်မှာ အမြစ်စွဲ၍ အထက်သို့ အသီးသီးသည့်အကြောင်း ပြောဆိုထားပြီး၊ ဟောရှေ ၁၄း၅ နှင့် ၇ တို့က အစ္စရေး၏အညွန့်များသည် လေဗနုန်သစ် တောကဲ့သို့ ပြန့်ပွား၍ နွယ်ပင်ကဲ့သို့ အပွင့်ပွင့်မည့်အကြောင်း ပြောဆိုထားသည်။

B. ယေရမိ ၁၇း၇-၈ က ယေဟောဝါ၌ ကိုးစားသောသူသည် “ရေရှိသော အရပ်၌ ပြောင်းရွှေ့စိုက်၍ စမ်းချောင်းနားမှာ အမြစ်ဖြာသဖြင့်၊ ပူသောအရှိန် ရောက်သောအခါ မကြောက်၊ အရွက် မညှိုးနွမ်း၊ မိုးခေါင်သောနှစ်၌ စိုးရိမ်စရာ မရှိဘဲ၊ အစဉ်အမြဲ အသီးကို သီးတတ်သော အပင်နှင့်တူ၏” ဟု ပြောဆိုထားသည်။

**VI. သီချင်းတကာ့သီချင်းတွင် ခရစ်တော်၏တက်ကြွခြင်း၌ အသစ်သော ဖန်ဆင်းခြင်းအဖြစ် ရှင်ပြန်ထမြောက်ခြင်း၌ ရှာဖွေသူ၏အသက်ရှင်ခြင်းမှတစ်ဆင့်၊ သူမသည် ခရစ်တော်၏အသက် ကြွယ်ဝမှုများ၌ ရင့်ကျက်လာသည်၊ သို့မှသာ သူမသည် ခရစ်တော်အဖို့ ဥယျာဉ် ဖြစ်လာနိုင်သည် - သီ၊၄း၁၂-၁၅။**

A. လှပမှုနှင့် မွှေးကြိုင်မှု ရှိသည့် အကောင်းဆုံးသော အသီးနှင့် အမြတ်ဆုံးသော နံ့သာပင်များဖြင့် ပြည့်ဝခြင်း - အငယ်၊ ၁၃-၁၄။

B. သူမ ချစ်ရာအရှင်သည် သူ၏ဥယျာဉ်ထဲသို့ ကြွလာ၍ အကောင်းဆုံးသော အသီးကို စားစေရန် သူမက အလိုရှိသည် - အငယ်၊၁၆ခ။

**VII. ဓမ္မသစ်ကျမ်းတွင်လည်းကောင်း၊ ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှုအရလည်းကောင်း ကျွန်ုပ်တို့အတွင်းရှိ ဘုရားသခင်၏အသက်သည် အသီးအမျိုးအစား နှစ်မျိုးကို ထုတ်လုပ်ပေးသည် - ဂလ၊၅း၂၂-၂၃။ ယော၊၁၅း၄-၅၊ ၁၆။**

A. ပထမ အသီးအမျိုးအစားမှာ ခရစ်ယာန်ကောင်းမြတ်ခြင်းများနှင့်စပ်ဆိုင်သော အမျိုးအစား ဖြစ်သည် - ဂလ၊၅း၂၂-၂၃။ ဧ၊၅း၉။ ညွှန်း၊ တိ၊၃း၁၄။

1. ဂလာတိ ၅း၂၂-၂၃ က ဝိညာဉ်တော်၏အသီးအကြောင်း ပြောဆိုထားသည်။
2. ဧဖက် ၅း၉ တွင် ပေါလုသည် အလင်း၏အသီးအကြောင်း ပြောဆိုထားသည်။
3. ဖိလိပ္ပိ ၁း၁၁ တွင် ပေါလုက “ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ဘုန်းတော်နှင့် ချီးမွမ်းခြင်းကို ဖြစ်စေသော၊ ဖြောင့်မတ်ခြင်း၏အသီးနှင့် ပြည့်စုံပါမည့်အကြောင်း” ပြောဆိုထားသည်။
4. ဟေဗြဲ ၁၂း၁၁ က ငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော ဖြောင့်မတ်ခြင်းအကျိုးကို ပြောဆိုထားသည်။
5. ပေတရုဩဝါဒစာ ဒုတိယစာစောင် ၁း၃-၁၁ က ခရစ်ယာန်ကောင်းမြတ်ခြင်းများ၏အသီးကို ပြသထားသည်။

B. ဒုတိယ အသီးအမျိုးအစားမှာ ဘုရားဆိုင်ရာအသက်ဖြင့် အသစ်တစ်ဖန်မွေးဖွားခြင်းကို ခံရသည့် ကယ်တင်ခံရသော လူပုဂ္ဂိုလ်များ ဖြစ်သည် - ယော၊၁၅း၄-၅၊ ၈၊ ၁၆။ ညွှန်း၊ ရော၊၁း၁၃၊ ၁၅း၂၈၊ ၁၆း၅။

1. ယောဟန် ၁၅း၁၆ က ယုံကြည်သူများသည် “သွား၍ တည်ကြည်သောအသီးကို သီးမည့်အကြောင်း” ပြောဆိုထားသည်။
2. ကျွန်ုပ်တို့ခရစ်ယာန်များသည် ကောင်းမြတ်ခြင်းများ၏အသီးနှင့် အသစ်တစ်ဖန်မွေးဖွားခံရသော လူပုဂ္ဂိုလ်များ၏ အသီးနှစ်မျိုးစလုံးကို သီးသင့်သည် - ယော၊၁၅း၄-၅၊ ၁၆။

C. အကယ်၍ ကျွန်ုပ်သည် ပထမ အသီးအမျိုးအစား ဖြစ်သည့် ကောင်းမြတ်ခြင်းများ၏အသီးကို မသီးပါက၊ မည်သည့် နည်းလမ်းကို ကျွန်ုပ်တို့ အသုံးပြုစေကာမူ ဧဝံဂေလိတရား၌ အောင်နိုင်လိမ့်မည် မဟုတ်ပေ -

1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာတန်ခိုးတော်အားဖြင့် အသက်ရှင်သော လူပုဂ္ဂိုလ်များ ဖြစ်ရမည်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်လည်းကောင်း၊ကိုယ်တော်နှင့်အတူလည်းကောင်း လျှောက်လှမ်းရမည်။ ကျွန်ုပ်တို့သည် ကောင်းမြတ်ခြင်းများ၏အသီးကို များစွာ သီးစေရန် ကျွန်ုပ်တို့၏အသက်တည်းဟူသော ခရစ်တော်အားဖြင့် အသက်ရှင်သော လူပုဂ္ဂိုလ်များ ဖြစ်ကြရမည် - အငယ်၊၁၃။ ဂလ၊၅း၁၆၊ ၂၂-၂၃။
   a. သွားလော့ ဟူသော ဂရိစကားလုံးသည် ထွက်ခွာခြင်းကို ဆိုလိုပြီး၊ အခြားတစ်နေရာသို့ ထွက်သွားခြင်းကို ရည်ညွှန်းသည်။ ထို့ကြောင့်၊ ၎င်းကို သွားလော့ဟု ဘာသာပြန်ဆိုခြင်း ဖြစ်သည်။
   b. ဤနည်းလမ်း၌ သွား၍သီးသောအသီးသည် ယုံကြည်သူ၏အသက်ရှင်ခြင်း၌ရှိသည့် သန့်ရှင်းသော ဝိညာဉ်တော်၏ အသီးစသဖြင့် ဂလာတိ ၅း၂၂-၂၃ တွင် ဖော်ပြထားသည့် အသီးသီးသောသူ၏အကျင့်စာရိတ္တနှင့် စပ်ဆိုင်သော ကောင်းမြတ်ခြင်းများကို ရည်ညွှန်းခြင်း မဟုတ်ဘဲ အသီးသီးသောသူအားဖြင့် ထုတ်လုပ်သော ယုံကြည်သူများကို ရည်ညွှန်းခြင်း ဖြစ်သည်။

c. ကျွန်ုပ်တို့သည် လူ့ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားနှင့်ဆိုင်သော ကောင်းမြတ်ခြင်းများကို အသီးအနေဖြင့် သီးစေခြင်းငှာ သွားရန် မလိုအပ်ပါ။ သို့သော် ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့ ဝေငှဖြန့်ဖြူးပေးခြင်းမှ တစ်ဆင့် အသစ်တစ်ဖန်မွေးဖွားခံရသော လူပုဂ္ဂိုလ်များ၏အသီးကို သီးစေခြင်းငှာ လူတို့ထံ ဆက်သွယ်ရန်နှင့် ရောက်ရှိရန် ကျွန်ုပ်တို့ သွားဖို့ လိုအပ်ပါသည်။

2. ထိုအခါ ဧဝံဂေလိတရား ဟောပြောခြင်း၌ ခရစ်တော်ကို ကျွန်ုပ်တို့ ပြောထွက်သောအခါ၊ ဒုတိယ အသီးအမျိုးအစား ဖြစ်သော လူပုဂ္ဂိုလ်များ၏အသီး ထိုနေရာတွင် ရှိပေမည် - ယော၊၅း၁၆။
   a. သစ်သီးခြံတစ်ခြံထဲရှိ အသီးပင်တစ်ပင်သည် မည်သည့်အသီးကိုမျှ မသီးပါက၊ စိုက်ပျိုးသူသည် ၎င်းကို ခုတ်ဖြတ်လိုမည်ဖြစ်သည်။ အသီးမသီးသော အသီးပင်၌ လုပတင့်တယ်မှု မရှိပါ - လု၊၁၃း၆-၉။
   b. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏လုပတင့်တယ်မှုများ တည်းဟူသော ကောင်းမြတ်ခြင်းများ၏အသီးကို သာမက ခိုင်မာသော ပုဂ္ဂိုလ်များ၏အသီးကိုလည်း သီးရန် လိုအပ်သည် - ယော၊၁၅း၁၆။

D. ကောလောသဲ ၁း၆ က ဧဝံဂေလိတရားတည်းဟူသော သမ္မာတရားစကားသည် “အသီးသီးခြင်းနှင့် တိုးပွားခြင်း” အကြောင်း ပြောဆိုထားပြီး၊ အပိုဒ်ငယ် ၁၀ က “ကောင်းသော အကျင့်အမျိုးမျိုးတည်းဟူသော အသီးကို သီးခြင်း” အကြောင်း ပြောဆိုထားသည်။
1. သန့်ရှင်းသူများကို ချစ်ခြင်းသည် ဧဝံဂေလိတရားအားဖြင့် သီးသော အသီး ဖြစ်သည်။ ဧဝံဂေလိတရားကို စစ်မှန်ခြင်း၌ ဟောပြောသောအခါ၊ ၎င်းသည် လက်ခံသောသူတို့၌ အသီးသီးစေ၍၊ ယုံကြည်သူအပေါင်းကို ချစ်တတ်သော ချစ်ခြင်းကို ထုတ်လုပ်ပေးသည် - အငယ်၊၆၊ ၈။
2. ကောလောသဲ ၁း၁၀ ရှိ အသီးသီးခြင်း ဆိုသည်မှာ သွင်ပြင်တိုင်း၌ ခရစ်တော်ကို အသက်ရှင်ခြင်း၊ ခရစ်တော်ကို ကြီးထွားစေခြင်း၊ ခရစ်တော်ကို ထင်ရှားခြင်းနှင့် ခရစ်တော်ကို ထုတ်လုပ်ခြင်းတို့ကို ရည်ညွှန်းသည်။

E. ကျွန်ုပ်တို့သည် လာမည့် နိုင်ငံတော်အထဲသို့ ကြွယ်ဝရက်ရောစွာ ဝင်စားခြင်းအခွင့်ကို ရရှိရန်အတွက် ထိုအသီးနှစ်မျိုးစလုံးကို သီးရန် လိုအပ်သည် - ၂ပေ၊၁း၁၁။

F. ရောမသြဝါဒစာစောင်က “သန့်ရှင်းခြင်းအကျိုး” (၆း၂၂) နှင့် “ဘုရားသခင်အဖို့” အသီးသီးခြင်းအကြောင်းကို ပြောဆိုထားသည် (၇း၄)။

**VIII. ဟေဗြဲ ၁၃း၁၅ က “ထို့ကြောင့် ငါတို့သည် ကိုယ်တော်၏နာမတော်ကို ဝန်ခံသော နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို ကိုယ်တော်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့”ဟုပြောထားသည်။**

**IX. “ထိုမြစ်၏တစ်ဖက်တစ်ချက်၌ အသက်ပင် ရှိ၏။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၏။ မိမိ အသီးကိုလည်း လတိုင်း ပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏အနာရောဂါငြိမ်းစရာဖို့ ဖြစ်၏” - ဗျာ၊၂၂း၂။**